# အွန်လိုင်းမှသင်ယူခြင်းအထောက်အပံ့ - မိသားစုမှတ်သားရန်အချက်များ

## အချိန်ဇယားသတ်မှတ်ပေးပါ
## နေရာထိုင်ခင်းပြင်ဆင်ပြုပြင်ပေးပါ

သင့်ကလေးကျောင်းသားသင်ယူရန်အတွက်အနှောက်အယှက်ကင်းသောအချိန်၊နေရာတို့ကိုဖန်တီးပြင်ဆင်ပေးပါ

- စာသင်ယူရန်တိကျသောနေရာဖြစ်ပြီးအနှောက်အယှက်မရှိသောနေရာပြုလုပ်ပေးပါ
  - အနှောက်အယှက်ဆိုရာတွင်-သင့်ကလေးအနားတွင်အခြားကလေးများကစားနေခြင်း၊ တီဗီ၊ သီချင်း၊ အခြားဆူညံသောအသံများ၊ အိမ်မွေးတိရစ္ဆာန်များ ပြင်ပအသံများ၊ မသန့်ရှင်းသော/ရှုပ်ပွနေသော/အနံ့အသက်မကောင်းသောနေရာ(သို့)အီလက်ထရောနစ်ပစ္စည်းများ၏အနီးအနားတွင်မဖြစ်စေရ။
- မူလတန်းကျောင်းသားများနှင့်အိုင်အီးပီအထူးပညာရေးအစီအစဉ်မှကျောင်းသားများကိုအွန်လိုင်းတွင်သင်ယူ နိုင်ရန်အချိန်ဇယားပြုလုပ်၍တိုးတက်မှုရှိပါစေ၊အချိန်ကိုတိကျစွာနာရီကိုနှိုးစက်ပေးထားပြီးသင်ယူမှုရှိပါစေ။
- အထက်တန်းကျောင်းသားများကိုငှင်းတို့၏ဘာသာရပ်ဆိုင်ရာအချိန်ဇယားအတိုင်းစာသင်ခန်းတွင်ရှိနေရမည့်အတိုင်းအွန်လိုင်းမှသင်ယူရန်တိုက်တွန်းအားပေးပါ

## ပေးထားသောသင်ခန်းစာ/အဆိုင်းမင့်များပြီးစီးအောင်လုပ်ခြင်း

ပေးထားသောသင်ခန်းစာ/အဆိုင်းမင့်များ/အရာဝတ္ထုပစ္စည်း များကို(ဗီဒီယို၊စာဖတ်ခြင်း) များနှင့် အခြားသင်ယူလေ့ကျင့်ရမည့်စာများကိုလုပ်ရန်တိုက်တွန်းအားပေးပါ

- အွန်လိုင်းမှကျောင်းခေါ်ချိန်မှတ်သားသည့်စည်းကမ်း/ပေါ်လစီရှိလျှင်ထိုလိုအပ်ချက် စည်းကမ်းအတိုင်းလိုက်နာပြီးကျောင်းခေါ်ချိန်ရရှိရန်ပြုလုပ်ရမည်
- သင့်ကလေးကိုငှင်း၏အတန်းဆရာ/မများ၊ ဘာသာရပ်ဆိုင်ရာဆရာ/မများနှင့်အဆက်အသွယ်လုပ်ရန်၊ နားမလည်သောဘာသာရပ်များ၊မေးခွန်းများကိုကျောင်း၏သင်ယူမှုစနစ်များဖြစ်သည့်(Google Classroom,Canvas)နှင့်ဖုံး၊အီးမေးလ်များဖြင့်ဆက်သွယ်ရန်သတိပေးပါ
- ဆရာများ(သို့)မိဘများကမေးခွန်းမေးရန်အချိန်ပေးသည်အထိကျောင်းသားကသူ၏မေးခွန်းကိုမှတ်သားထားပြီးမေးမြန်းရန်အွန်လိုင်းသင်ယူမှုကိုတိုးတက်နားလည်ရမည်

## ကျောင်းသားအထောက်အပံ့နှင့် အကူအညီတောင်းခံမှု

သင်ခန်းစာများမှာခက်ခဲပြီးဘာသာပြန်ပေးရန်မလွယ်ကူသည့်အချိန်/အခြေအနေတို့တွင် မိသားစုဝင်များအတွက် ဆရာများထံမှအကူအညီလိုအပ်မည်ထိုအခါအောက်ပါမေးခွန်းများကဆက်သွယ်ပြောဆိုရန်အထောက်အကူရနိုင်သည်

### မူလတန်း

*•အကူအညီအတွက်နည်းလမ်းများကိုအကြံဉာဏ်ပေးနိုင်မလား?*

*•ပေးထားသောအရာဝတ္ထုပစ္စည်းများကို ကျောင်းသားပိုမိုနားလည်ရန်ပုံမှန်မည်သို့ကျိုးစားကူညီသလဲ?*

*•အဆိုင်းမင့်များကိုအသေးစိတ်ပိုမိုနားလည်ရန်ပြုလုပ်ပြောဆိုနိုင်သည့်နည်းလမ်းရှိသလား?*

### အထက်တန်း

*•ကျွန်ုပ်တို့ပုံမှန်အလုပ်ချိန်အတွင်းတွေ့ဆုံဆွေးနွေးနိုင်သလား?*

## လူမှုရေးရာ/ဆိုရှယ်နှင့် စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များ

ကလေးများကိုအပြည့်အဝကူညီထောက်ပံ့ရန်အရေးကြီးသည်

- အောင်မြင်မှုအတွက်လက်တွေ့ဖြစ်နိုင်သည့်မျှော်လင့်ချက်များကိုပြုလုပ်ပေးပါ၊ သင်နှင့် သင့်ကလေးကျောင်းသားအတွက်အချိန်ယူပါ/အနားယူပါ၊ သင်ယူသည့်ပုံစံများမှာ အားလုံးအတွက်အသစ်ဖြစ်နေသည်၊ သင့်ကလေးသည်အကောင်းဆုံးဖြစ်သည်ကိုသင်သိသည်၊ သင့်ကလေးအချိန်မည်မျှကြာကြာအာရုံစူးစိုက်နိုင်သည်၊ မိသားစု၏အချိန်ဇယားနှင့်အကယ်၍ သင့်ကလေးကပိုမိုအာရုံစိုက်နိုင်လာလျှင် ပိုမိုခက်သည့်အလုပ်များကိုလုပ်ခိုင်းရန်စီစဉ်ထားပါ
- မူလတန်းကျောင်းသားများအတွက်တက်ကြွနိုးကြားသောဦးနှောက်ကိုတနေ့တာအတွက်အနားပေးရန်အချိန်ပြုလုပ်ပေးပါ
- သင့်ကျောင်းသား၏အစားအသောက်အလေ့အထ၊ အဆာပြေအစားအစာတို့ကိုအလှည့်ကျကျန်းမာရေးနှင့်ညီညွတ်သောအစားအစာကိုအလွဲ့ကျကျွေးရန်သတိပြုပါ
- သင့်ကလေးအတွက်လုံခြုံသော၊ အန္တ ရယ်ကင်းသောပေါင်းသင်းဆက်ဆံရေးအတွက် စီစဉ်ပေးပါ

Indiana
DEPARTMENT OF EDUCATION